# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 2, 2025 | Volume 91, Number 1


**၂.၆.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၇.၁၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၈၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၄.၉၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၁၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တရုတ်သို့ ဆန်တင်ပို့ရန် ကုမ္ပဏီအသစ်များ EOI လျှောက်နိုင်




တရုတ်နိုင်ငံကို ဆန်နဲ့ဆန်ကွဲတင်ပို့ဖို့ စိတ်ဝင်စားတဲ့ ကုမ္ပဏီအသစ်တွေအနေနဲ့ စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI) လျှောက်ထားနိုင်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သိရပါတယ်။

ဆန်နဲ့ဆန်ကွဲတင်ပို့ဖို့ မြန်မာနဲ့တရုတ် နှစ်နိုင်ငံချုပ်ဆိုထားတဲ့အပြင် ကျန်းမာရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်အရ SPS Protocol သတ်မှတ် စည်းကမ်းချက်တွေနဲ့အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်တာကို ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

အဲဒီအဆိုပြုလွှာတွေကို ဇွန်လ ၃၀ ရက် နောက်ဆုံးထား တင်ပြလျှောက်ထားရမှာပါ။ ဆန်နဲ့ဆန်ကွဲ တင်ပို့ခွင့်မှတ်ပုံတင်လျှောက်ထားချင်တဲ့ကုမ္ပဏီအသစ်တွေအနေနဲ့ ( EOI ) တင်ပြလျှောက်ထားနိုင်ပြီးအရင်ခွင့်ပြုထားတဲ့ကုမ္ပဏီတွေကတော့မပါဘူးလို့သိရပါတယ်။

ဒါ့ကြောင့် တင်ပို့ခွင့်မှတ်ပုံတင်လျှောက်ထားမဲ့ ကုမ္ပဏီတွေအနေနဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ တရုတ်နိုင်ငံသို့ ဆန်နဲ့ဆန်ကွဲတင်ပို့နိုင်ရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်း အဖွဲ့ (မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်)တို့မှာ လျှောက်လွှာတွေ ရယူနိုင်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံကနေ တရုတ်ကို ဆန်နဲ့ဆန်ကွဲ တင်ပို့ရာမှာ နယ်စပ်ကုန်သွယ်ရေးထက် ပင်လယ်ရေကြောင်းကနေ အများဆုံး တင်ပို့နေတာပါ။ ပြီးခဲ့တဲ့ ဧပြီလက ပင်လယ်ရေကြောင်းကနေတရုတ်နိုင်ငံကို ဆန်တန်ချိန် ၃၃,၂၂၃ တန်နဲ့ ဆန်ကွဲတန်ချိန် ၂၈,၃၅၃ တန် တင်ပို့နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ စာရင်းတွေအရ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၅-၂၀၂၅ မှ ၃၀-၅-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၆၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၂၃၀၀၊ မြစ်သား လတ်ကြီး ကျပ် ၂၂၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၀၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ နှင့် ဆိပ်ဖြူ လတ်ချော ကျပ် ၁၀၀၊ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀ စီး (၆၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၅ စီး (၉၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး - ၂ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀ နှင့် အောင်ပန်းထူး - ၂ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်ကကုန်စည်ဒိုင်သို့ကြက်သွန်ဖြူအိတ် ၃၆၀၀(၁၀၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁၂၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၇၀၀ (၂၁,၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၅၀၀၊ ဟဲဟိုး Ok ကျပ် ၂၈၀၀ ၊ ဟဲဟိုး S1 ကျပ် ၂၈၀၀၊ ဟဲဟိုး S2 ကျပ် ၂၇၀၀ နှင့် တရုတ်အာလူး ကျပ် ၃၁၀၀ ဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၇ စီး (၂၂၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကားစီး ရေ ၂ စီး(၁၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၅-၂၀၂၅ မှ ၃၀-၅-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၂၀,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၃၃၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၈၇၃,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄၅,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၈,၀၀၀ ၊ မြားနီ ကျပ် ၉,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၈,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅,၅၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၄၀၀ နှင့် မြားနီ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးများ ဈေးငြိမ် လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၃၈၀၀ (၇၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၆၀၀ (၅၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၅၀ (၄,၂၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၆၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်း သီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၀၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## အထက်မင်းလှမြို့၌ ဖြစ်ပေါ်လျက်ရှိသော ကွမ်းရွက်နှင့်ကွမ်းသီးဈေးနှုန်းများ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်တွင် ကွမ်းရွက်များကို ဧရာဝတီတိုင်းဒေသကြီး ကနောင်၊ မြန်အောင်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့ရှိကွမ်းခြံများမှ တိုက်ရိုက်ဝယ်ယူရောင်းချကြောင်း၊ ကွမ်းသီးများကို ထားဝယ်မှတိုက်ရိုက်တင်ပို့သည့် ပြည်မြို့ရှိ ကွမ်းဒိုင်မှတစ်ဆင့်မှာယူရောင်းချကြောင်း၊ ကွမ်းစားထုံးကို မကွေးမှဝယ်ယူရောင်းချပြီး နှပ်ဆေးနှင့်ဗမာဆေးကို မုံရွာနှင့်ပခုက္ကူမှ ဝယ်ယူရောင်းချကြောင်း သိရသည်။

မင်းလှမြို့နယ်တွင် ကွမ်းသီး၊ ကွမ်းရွက် လက်လီလက်ကားရောင်းချသည့်ဆိုင် ၉ ဆိုင် ခန့်ရှိပြီး ကွမ်းစိမ်းနှင့် ကွမ်းရွက်ဝါ၂ မျိုးရှိသည့်အနက် ကွမ်းရွက်ဝါကို ပိုအစားများကြကြောင်း သိရသည်။

ကွမ်းရွက်ဈေးနှုန်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ မေလ စတုတ္ထပတ်တွင် ကွမ်းရွက်ဝါ၁ပိဿာလျှင် ကွမ်းရွက်အကြီး၊ အသေးနှင့် ဝယ်ယူတင်သွင်းရသည့်နေရာဒေသအလိုက် ကျပ် ၄၀၀၀-၈၀၀၀-၁၀,၀၀၀၊ ကွမ်းသီးခြမ်း ၁ ပိဿာလျှင် ကျပ် ၂၆,၂၀၀၊ ကွမ်းသီး စိပ်၁ ပိဿာလျှင် ကျပ်၂၇,၂၀၀၊ ကွမ်းစားထုံး(၁)လီတာ၁ ဘူးလျှင် ကျပ်၁၈၀၀၊ ကွမ်းစားနှပ်ဆေး ၁ထုပ်လျှင် ကျပ် ၁၀၀၀၊ ဗမာ ဆေး၁ထုပ်လျှင် ကျပ်၇၀၀ စသည့်ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

အရောင်းအဝယ်အနေဖြင့် ၁ ရက်လျှင်ကွမ်းရွက်ပိဿာချိန် ၁၀ပိဿာနှင့်အထက် ရောင်းချရပြီး ကွမ်းသီး၊ ကွမ်းစိပ်မှာ ၅ ပိဿာမှ ၇ ပိဿာထိပုံမှန်ရောင်းချရပါကြောင်း၊ ယခင်မေလ (ပထမပတ်)နှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ကွမ်းရွက်မှာ ကျပ် ၃၀၀၀ ဈေးနှုန်းကျဆင်းခဲ့ပြီး ကွမ်းသီးခြမ်းနှင့်ကွမ်းသီးစပ်မှာ ကျပ်၁၂၀၀ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် ကွမ်းခြံများရှိ ကွမ်းရွက်များ၌ ပိုးကျမှုများသောကြောင့် လှိုင်လှိုင်ခူးဆွတ်နေရချိန်ဖြစ်၍ ကွမ်းရွက်ဈေးနှုန်း

မှာကျဆင်းရခြင်းဖြစ်ပြီး ကွမ်းသီးမှာ ပြည်ပမှာယူမှုများသည့်အပြင် မိုးတွင်းကာလဖြစ်၍ သယ်ယူစရိတ် အနည်းငယ် မြင့်လာသည့်အတွက် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း အထက်မင်းလှ- သရက်ကားလမ်းဘေးရှိ ကွမ်းသီး၊ ကွမ်းရွက်ရောင်းချသည့် ကွမ်းဆိုင်ပိုင်ရှင်တစ်ဦးထံက သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## ဘိုကလေးမြို့နယ်၌ ဒေသထွက်ဓနိချပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေ



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဒေသထွက်ဓနိချပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း ဘိုကလေးမြို့နယ်မှ ဝါး၊ ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဘိုကလေးမြို့နယ်၌ မေလပထမပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက် ဓနိချပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်းနှင့် တစ်ရက်လျှင် ဓနိချပ် ၁၅,၀၀၀ မှ ၃၀,၀၀၀ အထိ အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဒေသထွက်ဓနိချပ်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ပြည်တွင်းမှာ ဓနိသုံးစွဲမှုများလာတဲ့အတွက် ဝယ်လိုအားကောင်းပြီးအရောင်းအဝယ်ကောင်းနေတာ ဖြစ်တယ်။ ဓနိချပ်တော်တော်များများတင်ပို့ရောင်းချနေရတာကြောင့် ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေပါ အဆင်ပြေနေပါတယ်။ အခုလို ဓနိချပ်တွေဝယ်လိုအားကောင်းလာတာကြောင့်ဒေသခံတွေအနေနဲ့ ဓနိပင်တွေ တိုးချဲ့စိုက်ပျိုးလာကြတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဒေသ၌ဓနိချပ်များဝယ်လိုအားကောင်းပြီးအရောင်းအဝယ်သွက်နေခြင်းကြောင့်ဓနိစိုက်ပျိုးသူများ၊ ဓနိထိုး လုပ်သားများနှင့် တစ်ဆင့်ပြန် လည်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ယူအေအီးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့မှ နှစ်နိုင်ငံဆက်ဆံရေးကိုခိုင်မာစေမည့် နည်းလမ်းများကို ရှာဖွေခဲ့

ယူအေအီးနိုင်ငံသမ္မတ Sheikh Mohamed bin Zayed Al Nahyan သည် အဘူဒါဘီမြို့တော်၌ ပါရာဂွေးနိုင်ငံသမ္မတ Santiago Peña နှင့်တွေ့ဆုံခဲ့ပြီး စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများတွင် ပိုမိုနက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများကိုရှာဖွေခဲ့ကြပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအတွက် မျှဝေထားသောရည်မှန်းချက်ကို အားဖြည့်ပေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုကို သမ္မတ Peña ၏ တရားဝင်ခရီးစဉ်တစ်စိတ်တစ်ဒေသအဖြစ် Qasr Al Shati နန်းတော်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်ရေး၊ ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ရာသီဥတုဆိုင်ရာဆောင်ရွက်မှုများ အပါအဝင် အဓိကနယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့သွားရန်အဓိကထားဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များမှ အပြန်အလှန် အကျိုးရှိစေမည့်နည်းလမ်းများဖြင့် ဆက်ဆံရေးကိုမြှင့်တင်စေနိုင်မည့် ၎င်းတို့၏ ကတိကဝတ်အပေါ် ထပ်မံအတည်ပြုခဲ့ကြသည်။

Sheikh Mohamed က ယူအေအီးနိုင်ငံသည် အထူးသဖြင့် ပါရာဂွေးကဲ့သို့သော လက်တင်အမေရိကနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်များအား မတူကွဲပြားစေရန်ဆက်လက်တွန်းအားပေးနေမှုအပေါ် မီးမောင်းထိုးဖော်ပြခဲ့သည်။ ရေရှည်တည်တံ့ခိုင်မြဲသောတိုးတက်မှုရရှိရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အရေးကြီးကြောင်းကိုလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ခေါင်းဆောင်များသည် အရှေ့အလယ်ပိုင်းဒေသပေါ်အထူးအာရုံစိုက်ကာ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ပံ့ပိုးကူညီရန် အရေးတကြီးလိုအပ်လျက်ရှိကြောင်း ၎င်းတို့က အလေးပေးပြောကြားခဲ့ကြသည်။

သမ္မတ Peña က ယူအေအီးနိုင်ငံ၏ နွေးထွေးသောကြိုဆိုမှုကို ကျေးဇူးတင်ကြောင်းဖော်ပြခဲ့ပြီး နိုင်ငံ၏ရှေ့ပြေးမဟာဗျူဟာမြောက်မျှော်မှန်းချက်ကို သတိပြုမိကာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေါင်းဆောင်မှုအပေါ် ချီးကျူးဖော်ပြခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ယူအေအီးနိုင်ငံမှအကြီးတန်းအရာရှိများနှင့် သမ္မတ Peña ၏ကိုယ်စားလှယ်အဖွဲ့ဝင်များတို့ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံသံတမန်ရေးနှင့် စီးပွားရေးဆက်ဆံမှုခိုင်မာရေးဆိုင်ရာ အရေးပါမှုကို ထင်ဟပ်စေခဲ့ကြောင်း သတင်းဖော်ပြထားသည်။

**Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)**

https://myantrade.gov.mm/

## ဆော်ဒီတွင် Tesla ကားများ ရောင်းအားကောင်းနေ




Tesla ကုမ္ပဏီဟာ လျှပ်စစ်ကားတွေကို ဧပြီလအတွင်းက ဆော်ဒီအာရေဗျမှာ တရားဝင်စတင်မိတ်ဆက်ခဲ့ပြီး Riyadh မြို့မှာ ပထမဆုံးအရောင်းပြခန်း ဖွင့်လှစ်ခဲ့ရာ ရောင်းအားကောင်းနေပါတယ်။

အဲဒီအရောင်းပြခန်းမှာ Model 3၊ Model Y နဲ့ Cybertruck မော်တော်ယာဉ်တွေ ရရှိနိုင်ပြီး မကြာမီကာလမှာ အရောင်းပြခန်းတွေ ဆက်လက် ဖွင့်သွားဖို့လည်း ရှိတယ်လို့ ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်က ပြောပါတယ်။

Riyadh မှာ ကျင်းပခဲ့တဲ့ အရောင်းပြခန်းမိတ်ဆက်ပွဲမှာ Tesla က နည်းပညာသစ်ဖြစ်တဲ့ မောင်းသူမဲ့ အလိုအလျောက် Cybercab နဲ့ လူသားဆန် စက်ရုပ်ဖြစ်တဲ့ Optimus တို့ကိုပါ ပြသခဲ့တာပါ။

ဆော်ဒီအာရေဗျမှာ လျှပ်စစ်ကားတွေအတွက် အားသွင်း စက်ကိရိယာတွေ နည်းနေသလို အလွန်ပြင်းထန်တဲ့ အပူချိန်ကြောင့် ဘက်ထရီစွမ်းဆောင်ရည် ထိခိုက်နိုင်တာလိုမျိုး စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ ဒါကြောင့် Tesla က ဆော်ဒီမှာရှိတဲ့ အရေးကြီးမြို့တွေကို ဦးစားပေးပြီး Supercharger အားသွင်းစခန်းတွေ တည်ဆောက်သွားမှာဖြစ်ပြီး စွမ်းအင်တည်တံ့မှုအတွက် ဆော်ဒီအစိုးရကလည်း အားသွင်းကွန်ရက်ဖွံ့ဖြိုးရေးအပေါ် အာရုံစိုက်နေပါတယ်။

**Source :** https://onenewstvchannel.com/

## ဗီယက်နမ်နိုင်ငံသည် ကုန်ပစ္စည်းအတုရောင်းဝယ်ဖောက်ကားမှုများကို ၁ လကြာ နှိမ်နင်းသွားမည်




ဗီယက်နမ်ဝန်ကြီးချုပ် Pham Minh Chinh သည်မှောင်ခိုရောင်းဝယ်ဖောက်ကားမှုနှင့် ကုန်ပစ္စည်းအတုအယောင်များကို နှိမ်နင်းရန် တစ်လကြာလှုပ်ရှားမှုတစ်ရပ်ကို မေလ ၁၅ ရက် နေ့ မှ ဇွန်လ ၁၅ ရက်နေ့အထိ စစ်ဆေးရန်အမိန့်ပေးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မေလ ၁၄ ရက်နေ့က (ဆင်ဟွာ) တွင် ဖော်ပြထားသည်။

ထိုကမ်ပိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော အမျိုးသားအဆင့်အထူးတပ်ဖွဲ့တစ်ခုဖွဲ့စည်းရန်ညွှန်ကြားခဲ့သည်။ မူးယစ်ဆေးဝါး၊ ရွှေ၊ နိုင်ငံခြားငွေနှင့် ဗီယက်နမ်နိုင်ငံထုတ်ကုန်ပစ္စည်း အတုများဟု တံဆိပ်ကပ်ထားသော တရားမဝင်ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်မှုများကို ကိုင်တွယ်ဖြေရှင်းရန်လည်း အမိန့်ပေးခဲ့သည်။ ယခုနှစ်အစောပိုင်းမှစ၍ ဗီယက်နမ်အာဏာပိုင်များသည် လူမှောင်ခိုကူးမှု၊ ကုန်သွယ်မှုလိမ်လည်မှုနှင့် ကုန်ပစ္စည်းအတုများတင်ပို့မှု တင်သွင်းမှုအပါအဝင် အမှုပေါင်း ၃၄,၀၀၀ ကျော်အား ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းသိရသည်။

**Source : Xinhua DOCA(ရန်ကုန်)** https://www.doca.gov.mm/

# STOCK EXCHANGE (2.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th May. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,733 (Shares) | 30,747,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,500 | -100 | -1.52% | 6,500 | 6,500 | 6,500 | 1,000 | 6,500,000 | 33,109,694 | 215,213 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 7,313 | 21,573,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 10 | 18,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 183 | 512,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 1,107 | 1,673,000 | 19,977,223 | 30,965 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 110 | 440,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 10 | 31,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th May. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 342.59 | -2.39 | -0.69% | 342.06 | 342.59 | 342.06 | 9,733 | 30,747,750 | 8 | 646,193 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th May. 2025

| Trading Volume | Trading Value |
|---|---|
| 9,743 (Shares) | 30,778,750 (MMK) |

## Main Board

As of 1:00 pm, 28th May. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,733 (Shares) | 30,747,750 (MMK) |

| MYANPIX | 342.59 ▼ 2.39 |
|---|---|
| Total Volume (shares) | 9,733 |
| Total Value (MMK) | 31 mil |
| Listed Company | 8 |
| Market Cap. (MMK) | 646,193 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,500 | ▼ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,550 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |